အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ)
NATIONAL LEAGUE FOR DEMOCRACY (Liberated Area)

# အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်( လွတ်မြောက်နယ်မြေ)
# နအဖ၏ ဆန္ဒခံယူပွဲရလာဒ်နှင့် ပတ်သက်၍ ထုတ်ပြန်ကြေညာချက်

၁၉၉၀ခုနှစ် အထွေထွေရွေးကောက်ပွဲအပြီး နဝတစစ်အစိုးရမှ ထုတ်ပြန်ခဲ့သော အမိန့်ကြေညာချက်အမှတ် (၁/၉၀) အပိုဒ်(၂၀)ပါပြဋ္ဌာန်းချက်အရ ရွေးချယ်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များသာလျှင် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲရေးအတွက် အဓိကတာဝန်ရှိသည်ဟုဆိုထားသော်လည်း ပြီးခဲ့သည့် ပြည်သူ့ဆန္ဒခံယူပွဲဖြင့်အတည်ပြုရန် ရေးဆွဲခဲ့သော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ(မူကြမ်း)မှာ ရွေးချယ်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ပါဝင်ရေးဆွဲခဲ့ရခြင်း အလျဉ်း မရှိပေ။ နအဖစစ်အစိုးရ၏ လက်သင့်ရာ ရွေးချယ်ဖွဲ့စည်းခဲ့သောပုဂ္ဂိုလ်များဖြင့် တဖက်သတ်ရေးဆွဲခဲ့ခြင်းသာဖြစ်သည်။ သို့ဖြစ်၍ ဒီမိုကရေစီနည်းလမ်းဖြင့်လည်း ကိုက်ညီမှုမရှိသည့်အပြင် ဒီမိုကရေစီနှင့်လူ့အခွင့်အရေးကိုလည်း အာမခံခြင်းမရှိပါ။

ပြည်သူ့ဆန္ဒခံယူပွဲ မကျင်းပမီတပတ်အလို ၂၀၀၈ ခုနှစ်၊ မေလ(၃)ရက်နေ့တွင် ဆိုးဝါးပြင်းထန်သော နာဂစ်ဆိုင်ကလုံး မုန်တိုင်းကြီးတိုက်ခတ်ခဲ့ရာ ရန်ကုန်တိုင်းနှင့်ဧရာဝတီတိုင်းမြစ်ဝကျွန်းပေါ်ဒေသရှိ ပြည်သူများသိန်းနှင့်ချီ၍သေဆုံးခဲ့ရပြီး၊ သန်းနှင့် ချီသောပြည်သူများအိုးမဲ့အိမ်မဲ့ခိုကိုးရာမဲ့ဘဝသို့ရောက်ရှိခဲ့ကြရသည်။ ကမ္ဘာ့ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်မှ နအဖ စစ်အစိုးရအား ပြည်သူ့ဆန္ဒခံယူပွဲကို ရွှေ့ဆိုင်းပြီး မုန်တိုင်းဒဏ်သင့်ပြည်သူလူထုအတွက် ကယ်ဆယ်ရေးလုပ်ငန်းများ အထူး ဂရုပြုဆောင်ရွက်စေရန် ၂၀၀၈ ခုနှစ်၊ မေလ (၈)ရက်နေ့က တောင်းဆိုတိုက်တွန်းခဲ့သော်လည်း၊ နအဖစစ်အစိုးရက အလေး မထားပဲလစ်လျူရှုခဲ့သည်။

ဆိုင်ကလုံးမုန်တိုင်းဒဏ်သင့်ခဲ့သော ဒေသများဖြစ်သည့် ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းအတွင်းမှ မြို့နယ်(၄၇) မြို့နယ် အတွင်း သေဆုံးသူ၊ ပျောက်ဆုံးသူ သိန်းချီရှိခဲ့ပြီး အိုးမဲ့အိမ်မဲ့ပြည်သူများနှင့် နေရာပြောင်းရွှေ့ နေထိုင်ကြရသော သန်းနှင့်ချီ သည့် ဒုက္ခသည်ပြည်သူများ မြောက်မြားစွာရှိခဲ့သော်လည်း ဆန္ဒခံယူပွဲကော်မရှင်၏ မူလထုတ်ပြန်ထားသော ဆန္ဒမဲပေးပိုင်ခွင့် ရှိသူစာရင်းအား ပြန်လည်စီစစ် အတည်ပြုထုတ်ပြန်ခြင်းမရှိပဲ အာဏာပိုင်တို့အနေဖြင့် ဆန္ဒခံယူပွဲအား အလျင်စလိုကျင်း ပခဲ့ပြီး၊ ထောက်ခံမဲများ တဖက်သတ်ရရှိရေးအတွက် နည်းမျိုးစုံဖြင့် အတင်းအကျပ် ဖိအားပေးဆောင်ရွက်ခဲ့ကြောင်း တွေ့ရှိရ သည်။

ထို့အပြင် မိမိတို့ရရှိခဲ့သော သက်သေအထောက်အထားများအရ ၂၀၀၈ ခုနှစ်၊ မေလ(၁၀) ရက်နေ့နှင့် (၂၄)ရက် နေ့များတွင် စစ်အစိုးရမှ တဖက်သတ်ကျင်းပခဲ့သော ပြည်သူ့ဆန္ဒခံယူပွဲသည် လွတ်လပ်မှုနှင့် တရားမျှတမှုလုံးဝမရှိသော ဆန္ဒခံယူပွဲတရပ်ဖြစ်ပြီး၊ လျှို့ဝှက်မဲပေးနည်းစနစ်ကို အမှန်တကယ်ကျင့်သုံးခဲ့ခြင်း လည်းမရှိကြောင်း ထင်ရှားသည်။ သို့ဖြစ်ပါ၍ အဆိုပါ ပြည်သူ့ဆန္ဒခံယူပွဲမှ ထွက်ပေါ်လာသော ထောက်ခံအတည်ပြုခြင်းရလာဒ်မှာ ပြည်သူလူထု၏ စစ်မှန်သောဆန္ဒမဟုတ် ကြောင်း မိမိတို့ယုံကြည်သည်။ မူလကပင် မိမိတို့အနေဖြင့် ဤဆန္ဒခံယူပွဲသည် အတုအယောင်လိမ်ညာမှုဖြစ်ကြောင်း ကမ္ဘာသို့ အသိပေးကြေညာထားခဲ့သည့် အားလျော်စွာ ယခုနအဖမှ ထုတ်ပြန်လာသော ပြည်သူ့ဆန္ဒခံယူပွဲရလာဒ်အား လုံးဝ အသိအမှတ်ပြုနိုင်မည်မဟုတ်ပါ။ သို့ပါ၍ အဆိုပါအတုအယောင် လိမ်ညာလှည့်စားမှုများ အဓမ္မဖိအားပေးမှုများဖြင့် ကျင်းပပြီး ထွက်ပေါ်ခဲ့သော ဆန္ဒခံယူပွဲ၏ရလာဒ်ကို လုံးဝလက်ခံအသိအမှတ်မပြုကြပါရန် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးနှင့် နိုင်ငံတကာ မိသားစုတို့အား မိမိတို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ)မှ တိုက်တွန်းအပ်ပါသည်။

ဗဟိုကော်မီတီ
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(လွတ်မြောက်နယ်မြေ)

ရက်စွဲ။ ။ မေလ (၂၇)ရက်၊ ၂၀၀၈ခုနှစ်။